(၂) သီးခွံကွက်ပြောက် **(Husk spot)**

**ရောဂါဖြစ်စေသောသက်ရှိ -** *Pseudocercospora macadamiae*

ရောဂါလက္ခဏာ

အသီးခွံများပေါ်တွင် အစိမ်းရောင်ပြယ်နေသောအကွက်များ၊ အဝါရောင် အစက်အပြောက်များ စတင်ဖြစ်ပေါ်လာသည်။ ၎င်းရောဂါကွက်များသည် ကြီးထွားလာပြီး အကွက်အလယ်တွင် အညိုရောင်ဖြစ်လာသည်။ ရောဂါကွက်များသည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်သွားပြီး ရောဂါကွက်ပတ်လည်တွင် အဝါရောင်ကို ဖြစ်ပေါ်စေသည်။

စိုစွတ်သော ရာသီဥတု အခြေအနေတွင် ရောဂါကွက် သည် မီးခိုးရောင်စပိုး အစုအဝေးဖြင့် ဖုံးလွှမ်းသွားသည်ကိုတွေ့နိုင်သည်။

ရောဂါကွက်များသည် ရင့်လာ၍ ကြမ်းတမ်းသော အစက်အပြောက်များဖြစ်သွားကာ အသီးခွံ အတွင်းပိုင်းအထိ စက်ဝိုင်းပုံ အသားရောင် အစက်အပြောက်များဖြစ်ပေါ်သော် လည်း အစေ့အဆံကိုဖုံးအုပ်ထားသောအခွံနှင့် အစေ့အဆံကို ထိခိုက်မှုမရှိပါ။ ခံနိုင်ရည်မရှိသော မျိုး များတွင် ရောဂါကျရောက်ပါက အသီးမရင့်မီ ကြွေကျခြင်းကြောင့် အထွက်နှုန်း ဆုံးရှုံး နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခြံသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- အသီးများရင့်မှည့်သည်နှင့်ခူးဆွတ်ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)၊ စသော မှိုသတ်ဆေးများဖြင့် အသုံးပြုပက်ဖျန်းနိုင်သည်။